LUCRFsuper

Australia's first industry fund

An Industry SuperFund

# အိုနာစာရန်ပုံငွေ အကြောင်း ပြောကြစို့

## အိုနာစာ ရန်ပုံငွေ ဆိုသည်မှာ ဘာလဲ။

အိုနာစာ ရန်ပုံငွေ (ဆူပါဟု လူသိများသည်) သည် သင် အလုပ်လုပ်စဉ် ငွေကိုဘေးဖယ်ထားသည့် နည်းလမ်း တစ်ခုဖြစ်သည့်အတွက်ကြောင့် သင့်အနေဖြင့် အငြိမ်းစားယူသည့်အခါ ဝင်ငွေတစ်ခုကို ရရှိနိုင်သည်။

**LUCRF Super** ကဲ့သို့ ဆူပါရန်ပုံငွေဌာနသည် ငွေများကို တိုးပွားလာရန် ရင်းနှီးမြှုပ်နှံပေးသည်။

သင့် အလုပ်လုပ်သည့် ဘဝ တစ်လျှောက် တိုးပွားလာသည့် သင့် ဆူပါရန်ပုံငွေကို သင် အငြိမ်းစားယူသည့်အခါ သင် ရယူနိုင်သည်။

## သင့် အိုနာစာ ရန်ပုံငွေကို မည်သူက ပေးသလဲ။

သင့်အလုပ်ရှင်သည် သင့်အတွက် ဆူပါရန်ပုံငွေကို ပေးရန် ဥပဒေအရ တာဝန်ရှိသည်။ သူတို့ ပေးရန် လိုအပ်သည့် အနည်းဆုံး ပေးငွေမှာ လက်ရှိကာလ၌ သင့်လစာငွေ၏ 9.5% ဖြစ်ပါသည်။

အကယ်၍ သင်လိုလားလျှင် ဆူပါထဲသို့ ငွေပို၍ များများ သင် ထည့်နိုင်ပါသည်။ ရက်ရောလွန်းသော အခွန် သက်သာသည့်မက်လုံးများနှင့် သင် ရထိုက်ကောင်းရထိုက်နိုင်သည့် သင့် ဆူပါ ကြီးထွားလာအောင် ပံ့ဖော်ထားသော အစိုးရ စိုက်ထုတ်ပေးငွေများ ရှိပါသည်။

ဆူပါ ပို၍များများ သင် ယခု ဘေးဖယ်ထားလေ၊ သင့် အငြိမ်းစာယူချိန်၌ များများရလေ ဖြစ်ပါသည်။

## အိုနာစာ ရန်ပုံငွေ အဘယ်ကြောင့် အလွန်အရေးကြီးပါသလဲ။

ဩစတြေးလျပြည်သူပြည်သားများ၏ လူ့ဘဝ သက်တမ်းသည် တိုးမြှင့်လာနေပါသည်၊ ဆိုလိုသည်မှာ သင်သည် ယခင်မျိုးဆက်များထက် ပိုမိုကြာမြင့်အောင်နေမည့် အငြိမ်းစားကာလအတွက် ရန်ပုံငွေစုဆောင်းရန် လိုအပ်ကြောင်း ဖြစ်တန်ရာသည်။

အစိုးရ၏ သက်ကြီးပင်စင် တစ်ခုတည်းဖြင့် သက်သောင့် သက်သာရှိမည့် အငြိမ်းစားကာလအတွက် လိုအပ်သည့် ငွေရေးကြေးရေး လွတ်လပ်မှုကို သင့်အား မပေးနိုင် ကောင်း မပေးနိုင်ပါ။

သင့်ဆူပါငွေစာရင်းသည် သင် ရှိလိမ့်မည်ဖြစ်ဘူးသည့် အကြီးဆုံးသော ခနဉစ္စာများအနက် တစ်ခုအဖြစ် ဖြစ်နိုင်ဖွယ်ရာရှိသည်။ လူအများစု အတွက် ၄င်းသည် နှစ်ပေါင်း 40 ကျော် စုဆောင်းထားသည်ထက် ပို၍များပါသည်။

## LUCRF Super အကြောင်း အနည်းငယ်

ကျွန်ုပ်တို့သည် ဩစတြေးလျနိုင်ငံ၏ ပထမဦးဆုံး လုပ်ငန်းကဏ္ဍဆိုင်ရာ ဆူပါရန်ပုံငွေ ဌာနဖြစ်သည်၊ 1978 ခုနှစ်၌ တည်ထောင်သည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ တသမတ်တည်း ဖြစ်သည့် နှိုင်းယှဉ်ရကောင်းသော အမြတ်အစွန်း များနှင့် အနည်းဆုံး ကုန်ကျစရိတ်ဖြင့် အကောင်းဆုံးဝန်ဆောင်မှုကို ပေးအပ်ရန် ဖြစ်သည်။

ကျွန်ုပ်တို့တွင် ဘဝအားလုံးမှ အသင်းဝင်များ ရှိကြပြီး မည်သူမဆို ပူးပေါင်းဝင်ပါနိုင်ပါသည်။ ကျွန်ုပ်တို့သည် လက်ရှိ ကာလ၌ အသင်းဝင် 170 000 ကျော်တို့နှင့် ဖက်စပ်လုပ်ပြီး စီမံအုပ်ချုပ်ရေးအောက်၌ ရန်ပုံငွေ $4.8 ဘီလီယံကျော် ကိုင်ဆောင်ထားပါသည်။

**LUCRF Super တွင်အဘယ်ကြောင့် ပူးပေါင်းဝင်ပါရသနည်း။**

- ✓ နိမ့်ကျသော လုပ်ဆောင်ခများ
- ✓ တောင့်တင်းသည့် ရေရှည် ရင်းနှီးမြှုပ်နှံမှု အမြတ်အစွန်းများ
- ✓ ရိုးတွင်း ဆက်သွယ်သည့် စင်တာနှင့် စီမံအုပ်ချုပ်ရေး
- ✓ တစ်ဦးချင်းကိုယ်ရေးအလိုက် ငွေရေးကြေးရေး အကြံပေး
- ✓ ဆု ဆွတ်ခူးသည့် ဆူပါနှင့် ပင်စင် လုပ်စရာထုတ်ကုန်များ
- ✓ အမျိုးအမျိုး ကျယ်ဝန်းလှသော ရင်းနှီးမြှုပ်နှံမှု နည်းလမ်းများ
- ✓ အလျှော့အတင်းလွယ်သည့် အာမခံ
- ✓ လုံခြုံစိတ်ချရသည့် မိုဘိုင်း **app** နှင့် အွန်လိုင်း ဝင်ထွက်ရယူရေး

ကျွန်ုပ်တို့ အသင်းဝင်များအား အကျိုးဖြစ်ထွန်းစေရန်အတွက်သာ လုပ်ကိုင်သည်၊ သင့် ပထမဦးဆုံး အလုပ်အကိုင်မှ သင့် အငြိမ်းစားကာလနှင့် နောက်ကွယ်အထိ တစ်လျှောက်လုံး စိတ်အေးချမ်းသာမှုရအောင် ကျွန်ုပ်တို့ ဆောင်ရွက်ပေးနိုင်သည်။



## ကူညီပါ။ ကျွန်ုပ်တွင် ဆူပါ ရန်ပုံငွေ အများအပြား ရှိသည်

## ကျွန်ုပ် LUCRF Super အသင်းဝင် ဖြစ်လာရန် မည်သို့လုပ်ရမည်နည်း။

## သင့် ဆူပါကို မည်သည့်အခါ ရယူနိုင်သနည်း။

၎င်းသည် သာမန်အားဖြင့် သင့် ဆူပါ ငွေစာရင်းတွင် သင် အလုပ်ခွင်မှ အငြိမ်းစားယူသည့်တိုင်အောင် ရှိနေပါသည်။

သင်သည် အောက်ပါကိစ္စများဖြစ်ပွားသည့်အခါ သင့် ဆူပါကို ရယူနိုင်သည်-

- သင့် သတ်မှတ်ထားသည့် အသက်အရွယ် သင် ရောက်ရှိပြီး အမြဲတမ်းအတွက် အငြိမ်းစားယူခဲ့သည့်အခါ သို့မဟုတ်
- သင် အသက် 65 နှစ် ရှိသည့် (သင် အငြိမ်းစားယူခဲ့သည် ဟုတ်မဟုတ် မသက်ဆိုင်ပဲ) အခါ

သတ်မှတ်ထားသည့်အသက်အရွယ် ဆိုသည်မှာ သင့် ဆူပါကို သင် ရယူနိုင်သည့် အနည်းဆုံး အသက်အရွယ်ဖြစ်ပြီး ၎င်းကို အောက်ပါအတိုင်း အစိုးရက သတ်မှတ်ထားသည်-

| မွေးသက္ကရာဇ် | သတ်မှတ်ထားသည့် အသက် |
|---|---|
| 1/7/60 မတိုင်မီ | 55 |
| 1/7/60 – 30/6/61 | 56 |
| 1/7/61 – 30/6/62 | 57 |
| 1/7/62 – 30/6/63 | 58 |
| 1/7/63 – 30/6/64 | 59 |
| 30/6/64 နောက်ပိုင်း | 60 |

သတ်မှတ်ထားသည့် အသက်အရွယ်သို့ သင် ရောက်သည်နှင့် တစ်ပြိုင်နက် ဆက်လက် အလုပ်လုပ်ပြီး  သင့် ဆူပါမှ ငွေအချို့ကို ရယူခြင်းဖြင့် သင့် ဝင်ငွေကို ထပ်ဖြည့်ပေးရန် အတွက် နည်းလမ်း သင့်တွင် ရှိပါသည်။

အထူး အခြေအနေဖြစ်ရပ်များတွင် အစိုးရသည် သင့် ဆူပါကို စောစီးစွာ ရယူရန် သင့်အား ခွင့်ပြုကောင်း ခွင့်ပြုနိုင်သည်။

ဆူပါရန်ပုံငွေ တစ်ခုထက်ပို၍ရှိခြင်း ဆိုလိုသည်မှာ သင်သည် ဆောင်ရွက်ခ အများအပြား ပေးနေရသည်။

နှစ်အတောအတန်ကြာသည့်အခါ ဤဆောင်ရွက်ခများမှာ ဒေါ်လာထောင်ပေါင်းများစွာ ဖြစ်လာပြီး သင် ငွေအများဆုံး လိုအပ်ချိန်၌ သင့်အတွက် နည်းသွားအောင် ဖြစ်သွားစေသည်။

သင့် ပျောက်ဆုံးနေသည့် ဆူပါကို ကျွန်ုပ်တို့ ကူညီရှာ ပေးနိုင်ပြီး သင့် ဆူပါနှင့်ပေါင်းပေးလိုက်နိုင်သည်၊ ထိုအခါ သင့်တွင် စိစစ်ရန် စာရင်း တစ်ခုတည်းသာ ရှိတော့မည်။

## LUCRF Super စာရင်းထဲသို့ *သင့်ဆူပါကို ပေါင်းသွင်းပေးခြင်း အားဖြင့် ထိန်းချုပ်မှုကိုလုပ်ပါ*

**ကျွန်ုပ်တို့၏ အသင်းဝင် လျှောက်လွှာပုံစံကို ရိုးရိုးလေးသာ ဖြည့်စွက်၍ ကျွန်ုပ်တို့ထံ ပြန်ပို့ပေးပါ။**

အကယ်၍ LUCRF Super သည် သင့် အလုပ်ရှင်၏ ရှိရင်းစွဲရန်ပုံငွေ မဟုတ်လျှင် သင်သည် ကျွန်ုပ်တို့၏ ဆူပါရန်ပုံငွေ ရွေးချယ်ရန် ပုံစံကို ဖြည့်စွက်ပြီး ၎င်းကို သင့်အလုပ်ရှင်အား ပေးရန်လည်း လိုအပ်ပါမည်။

သင်သည် ဤပုံစံများကို **lucrf.com.au** ဒေါင်းလုဒ် လုပ်ယူနိုင်သည် သို့မဟုတ် ကျွန်ုပ်တို့အား ဖုန်း **1300 130 780** ဖြင့် ခေါ်ပါ။



*လတ်တလော သုတေသနက ပြသသည်မှာ ကျွန်ုပ်တို့တွင် ဩစတြေးလျနိုင်ငံ၌ စိတ်အကျေနပ်ဆုံး ဆူပါ အသင်းဝင်များ အချို့ရှိပါသည်။*

Roy Morgan သုတေသန၊  Roy Morgan အိုနာစာ ရန်ပုံငွေနှင့် ကြွယ်ဝချမ်းသာမှု အစီရင်ခံစာ 2015 ခုနှစ်


**ကျွန်ုပ်တို့အား ဆက်သွယ်ရန်**

**1300 130 780**

**mypartner@lucrf.com.au**

**lucrf.com.au**


LUCRFsuper
Australia's first industry fund
An Industry SuperFund


Issued April 2016 by L.U.C.R.F Pty Ltd ABN 18 005 502 090 AFSL 258481 as Trustee for Labour Union Co-Operative Retirement Fund (LUCRF Super) ABN 26 382 680 883. This is general information only and has been prepared without taking into account your personal financial situation, objectives or needs. General information is not advice. You should assess your personal financial situation before making a decision about LUCRF Super. To help you decide we recommend you read our current Product Disclosure Statement (PDS), available from the website or by calling us. We appreciate the contribution of our members who have given their permission for their images to appear in this document. At the time of publication, their authority had not been withdrawn.